# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
# နေ့စဉ်ဈေးကွက်သတင်းလွှာ

June 13, 2024 Volume 79, Number 9

၁၃.၆.၂၀၂၄

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၂၃၁၂ US$ |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = N/A |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၂၆၉.၄ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၅၅၆.၇ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၆၈၄.၉ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၃၉၇.၃ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၈၉.၆၂ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၅.၁၃၈ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၅၂.၈၃ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၄၆.၀၅ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၅၇.၃၆၁ ကျပ် |

Source: CBM Rate, etrademyanmar.com

## ယခုဘဏ္ဍာနှစ် ဧပြီလနှင့်မေလအတွင်း ပြည်ပသို့ငါးမျိုးစုံ မက်ထရစ်တန် လေးသောင်းကျော်တင်ပို့နိုင်ခဲ့



ယခုဘဏ္ဍာနှစ် ဧပြီလ ၁ ရက်မှ မေလ ၃၁ ရက်အထိ နှစ်လတာကာလအတွင်း ပြည်ပသို့ ရေထွက်ကုန်ငါးမျိုးစုံ မက်ထရစ်တန် လေးသောင်းကျော် တင်ပို့နိုင်ခဲ့ကြောင်း ငါးလုပ်ငန်းဦးစီးဌာနမှ သိရသည်။

ယခုဘဏ္ဍာနှစ် ဧပြီလ ၁ ရက်မှ မေလ ၃၁ ရက်အထိ နှစ်လတာကာလအတွင်း ပြည်ပသို့ ငါးမျိုးစုံတင်ပို့မှုအနေဖြင့် ပုံမှန်ကုန်သွယ်မှုမှ မက်ထရစ်တန် ၂၃,၆၈၇ ဒသမ ၁၄၉ တန်တင်ပို့ပြီး အမေရိကန် ဒေါ်လာ ၃၃ ဒသမ ၄၅ သန်းရရှိခဲ့ကြောင်း၊ နယ်စပ်ကုန်သွယ်မှုမှ မက်ထရစ်တန် ၂၄,၀၃၂ ဒသမ ၃၇၄ တန် တင်ပို့ပြီး အမေရိကန် ဒေါ်လာ ၁၈ ဒသမ ၁၅၁ သန်းရရှိသည့်အတွက် စုစုပေါင်းမက်ထရစ်တန် ၄၇,၇၁၉ ဒသမ ၅၂၃ တန်တင်ပို့ပြီး အမေရိကန်ဒေါ်လာ ၅၁ ဒသမ ၆၀၁ သန်း ရရှိကြောင်း သိရသည်။

ပြီးခဲ့သည့် ဘဏ္ဍာနှစ်ကာလတူက ပြည်ပသို့ ငါးမျိုးစုံတင်ပို့မှုအနေဖြင့် မက်ထရစ်တန် ၁၉,၅၉၃ ဒသမ ၇၃ တန် တင်ပို့ပြီး အမေရိကန်ဒေါ်လာ ၂၆ ဒသမ ၉၄၆ သန်း ရရှိခဲ့သည်။

မြန်မာနိုင်ငံမှ ပုစွန်အပါအဝင် ငါးစသည့်ရေထွက်ကုန်များကို ပြည်ပတင်ပို့မှု အနေဖြင့် တရုတ်နိုင်ငံ၊ ထိုင်းနိုင်ငံ၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ ဂျပန်နိုင်ငံ စသည့်နိုင်ငံပေါင်း ၄၀ ကျော်သို့ တင်ပို့လျက်ရှိပြီး ထိုသို့တင်ပို့ရာတွင် ရန်ကုန်မြို့မှတစ်ဆင့် ပုံမှန်တင်ပို့သည့်

## CONTACT US

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm

အပြင် နယ်စပ်ကုန်သွယ်ရေးမှလည်း တိုက်ရိုက်တင်ပို့ကြောင်း သိရသည်။

**Source:** http://myawady.net.mm/

## ဖျာပုံမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မေလအတွင်း ငါးတန်ပိသာချိန် ၈၅,၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရ



ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မေလအတွင်း ငါးတန်ပိသာချိန် ၈၅,၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရကြောင်း ဖျာပုံမြို့နယ်မှ ရေထွက်ကုန်ပစ္စည်းများ ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်သူဇာက ပြောပြ၍ သိရသည်။ ဖျာပုံမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဧပြီလအတွင်းက ငါးတန်ပိသာချိန် ၅၅,၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး မေလ ၁ ရက်နေ့မှ ၃၁ ရက်နေ့ထိ တစ်လအတွင်း ငါးတန်ပိသာချိန် ၈၅,၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရကြောင်း၊ ဖျာပုံမြို့နယ်မှ ငါးတန်များကို ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိကြောင်း သိရသည်။

"ပြီးခဲ့တဲ့ မေလအတွင်း ငါးတန်ပိသာချိန် ၈၅,၀၀၀ ထိ ရန်ကုန်ဈေးကွက်ကို တင်ပို့ရောင်းချခဲ့ရပါတယ်။ ဖျာပုံမြို့နယ်ကနေ ထွက်တဲ့ရေထွက်ကုန်မှန်သမျှ ရန်ကုန်ဈေးကွက်ကို တင်ပို့ရောင်းချတာဖြစ်ပါတယ်။ ရန်ကုန်ဘက်က အဝယ်လိုက်နေလို့ ပြီးခဲ့တဲ့ တစ်လအတွင်းရော၊ အခုလက်ရှိရော ရေထွက်ကုန်တွေ အရောင်းအဝယ်ကောင်းနေပါတယ်။ ငါးတန်က ပြည်တွင်းဈေးကွက်မှာ အရောင်းအဝယ်သွက်နေပါတယ်။ တင်ပို့အားတက်လာတော့ ငါးတန်မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူတွေ အဆင်ပြေလာပါတယ်" ဟု ဖျာပုံမြို့နယ်မှ ရေထွက်ကုန်ပစ္စည်းများရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်သူဇာက ပြောပြသည်။

ဖျာပုံမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချခဲ့သည့် ငါးတန် ၁၀ ပိသာလျှင် ငွေကျပ် ၁၀၅,၀၀၀ ထိ ဈေးရရှိကြောင်း၊ အဆိုပါငါးတန်များကို ရန်ကုန်ဈေးကွက်သို့ ပိုမိုတင်ပို့ရောင်းချနေရခြင်းကြောင့် မွေးမြူရေးလုပ်ငန်းရှင်များ၊ ငါးရောင်းဝယ်ရေးကုန်သည်များ၊ ငါးကန်လုပ်သားများ၊ ကုန်တင်ကားအငှားလိုက်သူများ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

**Source: ရတနာပုံသတင်းစာ**

## ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့်မေလအတွင်း ကျားပျံစပါးတင်းရေ ၈၅,၀၀၀ တင်ပို့ရောင်းချနိုင်ခဲ့

ဧရာဝတီတိုင်းဒေသကြီး၊ ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် မေလတစ်လတာကာလအတွင်း ကျားပျံစပါးတင်းရေ ၈၅,၀၀၀ အထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဘိုကလေးမြို့နယ်မှ ဆန်စပါးရောင်းဝယ်ရေးပွဲရုံလုပ်ငန်းရှင် ဒေါ်သီရိ၏ ပြောပြချက်အရသိရသည်။

ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် ဧပြီလတစ်လတာကာလအတွင်း ကျားပျံစပါးတင်းရေ ၅၇,၀၀၀ အထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး မေလ ၁ ရက်မှ ၃၁ ရက်အထိ တစ်လတာကာလအတွင်း ကျားပျံစပါးတင်းရေ ၈၅,၀၀၀ အထိ တင်ပို့ရောင်းချနိုင်ခဲ့သည်။

"ပြီးခဲ့တဲ့ မေလ တစ်လတာကာလအတွင်း ကျားပျံစပါးတင်းရေ ၈၅,၀၀၀ အထိ ရန်ကုန်ဈေးကွက်ကို တင်ပို့ရောင်းချခဲ့ရပါတယ်။ ဘိုကလေးမြို့နယ်ကနေ စပါးတွေ၊ ဆန်တွေနဲ့ အခြားလယ်ယာထွက်ကုန်တွေကို ရန်ကုန်ဈေးကွက်ကို အများဆုံး တင်ပို့ရောင်းချပါတယ်။ ကျားပျံစပါးက ဆန်ချောအုပ်စုထဲမှာပါတဲ့ စပါးအမျိုးအစားဖြစ်ပါတယ်။ အဲဒီစပါးတွေကို ရန်ကုန်ဘက်က ဝယ်လိုအားများနေလို့ တင်ပို့အားကောင်းခဲ့တာပါ။ လက်ရှိစပါးဈေးကလည်း ကောင်းနေပါတယ်။ ကျားပျံစပါးကို ရန်ကုန်ဈေးကွက်က ဇွန်လထဲမှာလည်း အများအပြားဝယ်ယူဖို့ ချိတ်ဆက်မှုတွေရှိနေပါတယ်။ အခြားစပါးတွေနဲ့ယှဉ်ရင် ပြီးခဲ့တဲ့ မေလတစ်လအတွင်းမှာရော လတ်တလောအနေနဲ့ပါ ကျားပျံစပါးက အရောင်းအဝယ်ပိုကောင်းနေပါတယ်"ဟု ဒေါ်သီရိက ပြောသည်။

ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့်မေလတစ်လတာကာလအတွင်း တင်ပို့ရောင်းချခဲ့သည့် ကျားပျံစပါးတင်းရေ ၁၀၀ လျှင် ငွေကျပ် ၂,၂၅၀,၀၀၀ အထိ ဈေးရှိကြောင်း၊ အဆိုပါစပါးများ အရောင်းအဝယ်ကောင်းမွန်လာသည့်အတွက်

တောင်သူများကုန်သည်များ ကုန်တင်ကုန်ချလုပ်သားများ၊ ကုန်တင်ယာဉ်အငှားလိုက်လုပ်ငန်းရှင်များ အလုပ်အကိုင်အခွင့်အလမ်းများရရှိလျက်ရှိကြောင်း သိရသည်။

Source: **မြဝတီသတင်းစာ**

## ပြည်ပက ဝယ်ယူမှုများပြားသဖြင့် မန္တလေးဈေးကွက်တွင် ပဲဇီးကွက်အရောင်းအဝယ်ကောင်းမွန်လျက်ရှိ

ပြည်ပက ဝယ်ယူမှုများပြားသဖြင့် မန္တလေးဈေးကွက်တွင် ပဲဇီးကွက်အရောင်းအဝယ်ကောင်းမွန်လျက်ရှိကြောင်း ပွဲစားကုန်သည်စက်ပိုင်များ မဟာကထိန်တော်အသင်း (မန္တလေးကုန်စည်ဒိုင်) အတွင်းရေးမှူး ဦးစက်မောင်ဆွေက ပြောပြ၍ သိရသည်။

မြန်မာနိုင်ငံမှ ထွက်ရှိသည့် ပဲဇီးကွက်ကို လက်ရှိတွင် တရုတ်နိုင်ငံက ပြန်လည်ဝယ်ယူမှုများရှိလာကြောင်း၊ လက်ရှိတွင် ပြည်တွင်း၌ ပဲဇီးကွက်အရောင်းအဝယ် ပြန်လည်ကောင်းမွန်လျက်ရှိပြီး မန္တလေးဈေးကွက်အတွင်း၌ပါ ပဲဇီးကွက်များ အရောင်းအဝယ် ကောင်းမွန်လျက်ရှိကြောင်းသိရသည်။

"ပြည်တွင်းကထွက်ရှိတဲ့ ပဲဇီးကွက်တွေကို အခုလက်ရှိအချိန်မှာ တရုတ်နိုင်ငံအပြင် အိန္ဒိယနိုင်ငံဘက်ကပါ ပြန်ပြီးဝယ်ယူမှုတွေရှိလာတယ်။ ပြည်တွင်းကလဲ ဝယ်ယူမှုများလာတာကြောင့် အရင်ကထက် အရောင်းအဝယ်ပိုကောင်းမွန်နေပါတယ်။ ပဲဇီးကွက်ဟာ မန္တလေးဈေးကွက်ထဲမှာ အရောင်းအဝယ်ကောင်းမွန်တဲ့ ပဲအမျိုးအစားတွေထဲက တစ်မျိုးအပါအဝင်ဖြစ်ပါတယ်။ အခု မန္တလေးအပြင် ရန်ကုန်ဈေးကွက်ထဲမှာပါ ပဲဇီးကွက်က အရောင်းအဝယ် ပြန်ပြီးကောင်းမွန်နေပါတယ်" ဟု ဦးစက်မောင်ဆွေကပြောပြသည်။

မန္တလေးဈေးကွက်အတွင်း ယနေ့ပဲဇီးကွက်ဈေးနှုန်းမှာ သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၁၉၀,၀၀၀ ထိ ပေါက်ဈေးရှိပြီး အရောင်းအဝယ်ကောင်းမွန်လျက်ရှိကြောင်း ပွဲစားကုန်သည်စက်ပိုင်များ မဟာကထိန်တော်အသင်း (မန္တလေးကုန်စည်ဒိုင်) မှသိရသည်။

Source: **ရတနာပုံနေ့စဉ်သတင်းစာ**

## မန္တလေးဈေးကွက်အတွင်း နယ်ပယ်ပေါင်းစုံမှ အုန်းသီးများ လှိုင်လှိုင်ဝင်ရောက်လျက်ရှိ

မန္တလေးဈေးကွက်အတွင်း နယ်ပယ်ပေါင်းစုံမှ အုန်းသီးများလှိုင်လှိုင် ဝင်ရောက်လျက်ရှိပြီး အရောင်းအဝယ်ပုံမှန်ဖြစ်လျက်ရှိကြောင်း အုန်းသီးပွဲရုံပိုင်ရှင် ဒေါ်သူသူကပြောပြ၍သိရသည်။

အုန်းသီးများကို ပြည်ပဖောက်သည်ဈေးကွက်နိုင်ငံများသို့ တင်ပို့ရောင်းချနေပြီး မန္တလေးဈေးကွက်အတွင်း ဝယ်ယူမှုကောင်းမွန်ခြင်းကြောင့် ယခုကဲ့သို့ နယ်ပယ်ပေါင်းစုံမှအုန်းသီးများ ယခင်ကထက် လှိုင်လှိုင်ဝင်ရောက်လာခြင်းဖြစ်ကြောင်း၊ ဈေးကွက်အတွင်း အုန်းသီးတစ်လုံးလျှင် ငွေကျပ် ၁၅၀၀ မှ ၂၀၀၀ ကြား အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်းသိရသည်။

"မန္တလေးဈေးကွက်က ကျယ်တဲ့အတွက် နယ်ပယ်ပေါင်းစုံကထွက်တဲ့ အုန်းသီးတွေ အရင်ကထက် အဝင်ပိုများလာတာဖြစ်နိုင်တယ်။ အရောင်းအဝယ်ကတော့ ပုံမှန်ပါပဲ၊ အဝင်များတော့ နည်းနည်းအေးသွားတယ်" ဟု အုန်းသီးပွဲရုံပိုင်ရှင် ဒေါ်သူသူက ပြောပြသည်။

အုန်းသီးကို ပြည်တွင်းမုန့်လုပ်ငန်းများတွင် အသုံးပြုကြသည့်အပြင် အုန်းသီးအစိမ်းများကို ပွဲလမ်းသဘင်အခမ်းအနားများ၊ ဘုရားပွဲ၊ နတ်ပွဲများတွင် အများဆုံးအသုံးပြုကြကြောင်း၊ အုန်းသီးနုများကို အရည်သောက်အုန်းသီးအဖြစ် မန္တလေးဈေးကွက်အတွင်း ရောင်းချမှုများပြုလုပ်လျက်ရှိကြောင်း သိရသည်။

မြန်မာနိုင်ငံအတွင်းမှ ထွက်ရှိသောအုန်းသီးများကို ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ကုန်ကြမ်းအဖြစ်တင်ပို့ကြပြီး အဆင့်မြင့်ထုတ်ကုန်များကို ပြန်လည်ထုတ်လုပ်ကြကြောင်း၊ လက်ရှိတွင် ပြည်တွင်းတွင်လည်း ကုန်ချောထုတ်လုပ်ကာ ပြည်ပနိုင်ငံသို့ တင်ပို့နိုင်ရန်အတွက် လုပ်ဆောင်နေကြသော်လည်း လုပ်ဆောင်သူအရေအတွက်နည်းပါးသေးကြောင်း သိရသည်။

Source: **ရတနာပုံနေ့စဉ်သတင်းစာ**

## ဗီယက်နမ်နိုင်ငံသို့ ကမ္ဘောဒီးယားနိုင်ငံမှ သီဟိုဠ်စေ့ကုန်ကြမ်း (raw cashew) တင်ပို့မှုသည် ၅ လ အတွင်း ၃၇ ရာခိုင်နှုန်း မြင့်တက်ခဲ့

ကမ္ဘောဒီးယားသည် ယခုနှစ် ပထမ (၅) လအတွင်း ဗီယက်နမ်နိုင်ငံသို့ သီဟိုဠ်စေ့ကုန်ကြမ်း (raw cashew) တန်ချိန် ၆၆၇,၀၀၀ တင်ပို့ခဲ့ပြီး ဝင်ငွေ အမေရိကန်ဒေါ်လာ ၈၅၁ သန်းရရှိခဲ့ကြောင်း Vietnam Plus အွန်လိုင်းသတင်းဖော်ပြချက်အရ သိရသည်။

ရာသီဥတုပူပြင်းမှုကြောင့် သီဟိုဠ်စေ့အထွက်နှုန်းကို ထိခိုက်သော်လည်း သီဟိုဠ်စေ့ကုန်ကြမ်းတင်ပို့မှုပမာဏမှာ အပြုသဘောဆောင်သည့် လက္ခဏာများရှိနေသေးကြောင်း ကမ္ဘောဒီးယားနိုင်ငံ သီဟိုဠ်စေ့အသင်းဥက္ကဋ္ဌဖြစ်သူ Uon Silot ၏ ပြောကြားချက်အား the Voice of Vietnam (VOV) အွန်လိုင်းသတင်းစာတွင် ကိုးကားဖော်ပြထားခဲ့သည်။

၂၀၂၄ ခုနှစ် ပထမ ၅ လအတွင်း သီဟိုဠ်စေ့ကုန်ကြမ်း တန်ချိန် ၇၁၆,၀၀၀ ထုတ်လုပ်ခဲ့ကြောင်း၊ ထိုကဲ့သို့ ဗီယက်နမ်သို့ သီဟိုဠ်စေ့ကုန်ကြမ်းတင်ပို့မှုသည် ကမ္ဘောဒီးယားတွင် စိုက်ပျိုးရန်နေရာတိုးလာခြင်းကြောင့်ဖြစ်ကြောင်း၊ ရာသီဥတုဖောက်ပြန်မှုကြောင့် အာဖရိကတွင် အထွက်နှုန်းကျဆင်းသွားသကဲ့သို့ ကမ္ဘောဒီးယား၌လည်း သီဟိုဠ်စေ့အထွက်နှုန်း ကျဆင်းလာခြင်းဖြစ်ကြောင်း ဥက္ကဋ္ဌက ရှင်းလင်းပြောကြားခဲ့သည်။

မကြာသေးမီကာလများအတွင်း အပူချိန်လွန်ကဲမှုကြောင့် ကမ္ဘောဒီးယားနိုင်ငံရှိ သီဟိုဠ်ပင်များ ထိခိုက်ခဲ့သော်လည်း အသင်းအဖွဲ့ဝင်များသည် နည်းပညာကို တက်ကြွစွာလုပ်ဆောင်နေကြသောကြောင့် သီဟိုဠ်စေ့ထုတ်လုပ်မှုအပေါ် များစွာ သက်ရောက်မှုမရှိခဲ့ကြောင်း ၎င်းကဆိုသည်။

ကမ္ဘောဒီးယားနိုင်ငံ သီဟိုဠ်စေ့အသင်းမှ လာမည့် ၁၀ နှစ်အတွင်း သီဟိုဠ်စေ့ကုန်ကြမ်း တင်ပို့မှုပမာဏကို ၇၀ ရာခိုင်နှုန်း လျှော့ချရန် မျှော်မှန်းထားကြောင်း၊ လက်ရှိတွင် ဗီယက်နမ်နိုင်ငံသို့ ကမ္ဘောဒီးယားနိုင်ငံမှ အခွံမာသီး ၉၀ ရာခိုင်နှုန်းကျော် တင်ပို့လျက်ရှိကြောင်း ဖော်ပြထားသည်။

**Source: Vietnam Plus**

**(စီးပွားရေးသံမှူး၊ဗီယက်နမ်)**

https://myantrade.gov.mm/article/

## ပိုးမွှားကင်းစင်ရေးလုပ်ငန်းစဉ် ဆောင်ရွက်ပြီးသည့် ဗီယက်နမ် သရက်သီး ၇ တန်အား ဩစတြေးလျသို့ တင်ပို့သွားမည်

ပိုးမွှားကင်းစင်ရေးဝန်ဆောင်မှုပေးသည့် Toan Phat Irradiation Co. (TPI) မှ သရက်သီးများကို ပိုးမွှားကင်းစင်အောင် ဆောင်ရွက်ပြီးနောက် လတ်ဆတ်သော သရက်သီး ၇ တန်ကို ဩစတြေးလျသို့ တင်ပို့မည်ဖြစ်ကြောင်း The Saigon Times အွန်လိုင်းသတင်း ဖော်ပြချက်အရသိရသည်။

TPI သည် အဆိုပါ ပိုးမွှားသန့်စင်မှုပေးသည့် ဝန်ဆောင်မှုအတွက် ဩစတြေးလျအေဂျင်စီ BICON(Australian Biosecurity Import Conditions) မှ အသိအမှတ်ပြုလက်မှတ်ရရှိထားပြီးဖြစ်ကြောင်း၊ ပိုးမွှားကင်းစင်ရေးလုပ်ငန်းနှင့်ပတ်သက်၍ ဗီယက်နမ်နိုင်ငံ စိုက်ပျိုးရေးနှင့်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာနလက်အောက်ရှိ အပင်ကာကွယ်ရေးဦးစီးဌာနနှင့် TPI တို့ ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်းနှင့် DT-PRO ကုမ္ပဏီမှ ဩစတြေးလျသို့ သရက်သီးများကိုတင်ပို့သွားမည်ဖြစ်ကြောင်း သိရသည်။

TPI ၏ အဆိုအရ သရက်သီးများအားလုံးသည် ဩစတြေးလျအာဏာပိုင်များ စိုးရိမ်ပူပန်သည့် အင်းဆက်ပိုးမွှားများ၊ ရောဂါများနှင့် အခြားသောဇီဝလုံခြုံရေးဆိုင်ရာများ ကင်းစင်ကြောင်းသိရသည်။

ဩစတြေးလျနိုင်ငံရှိ ဗီယက်နမ်ကုန်သွယ်မှုရုံးမှ ပို့ကုန်လိုအပ်ချက်များနှင့်ကိုက်ညီစေရန်နှင့် သရက်သီးသည် ဗီယက်နမ်နိုင်ငံမှ အရင်းအမြစ်ဖြစ်ရန်လိုအပ်ပြီး အရွက်၊ အကိုင်းအခက်များ၊ မြေဆီလွှာ၊ ပေါင်းပင်မျိုးစေ့များ၊ အပျက်အစီးများနှင့် အခြားအပင်ပစ္စည်းများ၊ အင်းဆက်ပိုးမွှားများ၊ ရောဂါပိုးများ ကင်းစင်ရမည်ဟု အလေးပေးပြောကြားခဲ့သည်။

လက်ရှိတွင် ဗီယက်နမ်မှဩစတြေးလျသို့ လတ်ဆတ်သော သစ်သီးလေးမျိုးအား တင်ပို့ရန် ခွင့်ပြုထားကြောင်းနှင့် သရက်သီး၊ နှင်းသီး၊ လိုင်ချီးစ်သီးနှင့် နဂါးမောက်သီးတို့ဖြစ်ကြောင်း သိရသည်။

ဗီယက်နမ် အကောက်ခွန်ဦးစီးဌာန၏ ထုတ်ပြန်ချက်အရ ဗီယက်နမ်နိုင်ငံ၏ သစ်သီးဝလံနှင့်ဟင်းသီးဟင်းရွက် တင်ပို့မှုသည် ယခုနှစ် ပထမသုံးလပတ်တွင် အမေရိကန်ဒေါ်လာ ၁ ဒသမ ၂၈ ဘီလီယံကျော်ရှိပြီး တစ်နှစ်ထက်တစ်နှစ် ၃၀ ဒသမ ၈ ရာခိုင်နှုန်း တိုးမြင့်လာခဲ့ကြောင်းသိရသည်။ ဩစတြေးလျနိုင်ငံသို့ သစ်သီးဝလံနှင့်ဟင်းသီးဟင်းရွက်များ တင်ပို့မှုသည် ဇန်နဝါရီမှမတ်လအတွင်း အမေရိကန်ဒေါ်လာ ၂၆ သန်းနီးပါးရှိခဲ့ကြောင်းနှင့် ပြီးခဲ့သည့်နှစ်နှင့်နှိုင်းယှဉ်ပါက ၃၆ ရာခိုင်နှုန်း မြင့်တက်ခဲ့ကြောင်းဖော်ပြထားသည်။

**Source: The Saigon Times**

**(စီးပွားရေးသံမှူး၊ ဗီယက်နမ်)**

https://myantrade.gov.mm/

## AGROS 2025 Expo နှင့် POTATO HORTI AgriTech 2025 Expo ကုန်စည်ပြပွဲများသို့ မြန်မာနိုင်ငံမှ ပါဝင်တက်ရောက်နိုင်

ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ မော်စကိုမြို့၌ ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၂၂ ရက်နေ့မှ ၂၄ ရက်နေ့အထိ ကျင်းပပြုလုပ်မည့် AGROS 2025 Expo နှင့် POTATO HORTI AgriTech 2025 Expo ကုန်စည်ပြပွဲများသို့ မြန်မာနိုင်ငံမှ ပါဝင်တက်ရောက်နိုင်ကြောင်း သိရသည်။

ကုန်စည်ပြပွဲများတွင် ဆွေးနွေးခင်းကျင်းပြသမည့်ကဏ္ဍများမှာ စိုက်ပျိုးရေးလုပ်ငန်းသုံးစက်ပစ္စည်းများ၊ ကိရိယာများ၊ သီးနှံကာကွယ်ရေးဆိုင်ရာထုတ်ကုန်များ၊ မြေဩဇာများ၊ မျိုးစေ့များ၊ အာလူးနှင့်ဟင်းသီးဟင်းရွက်ထုတ်လုပ်ရေးအပါအဝင် ကောက်ပဲသီးနှံထုတ်လုပ်ရေး လုပ်ငန်းသုံးအထောက်အကူပြု အခြားပစ္စည်းများ၊ ခြေလှေ့ရေးနှင့် သိုလှောင်ရေးဆိုင်ရာ ကိရိယာများနှင့် အခြားအထောက်အကူပြုပစ္စည်းများ၊ အာလူး၊ ဟင်းသီးဟင်းရွက်များနှင့် အခြားစိုက်ပျိုးရေးထုတ်ကုန်များကို ပြုပြင်စီမံရေးဆိုင်ရာ ကိရိယာများ၊ ကြက်၊ ဝက်၊ နွား စသည့်တိရစ္ဆာန်များ မွေးမြူရေးနှင့် အသားထုတ်ကုန်များ ထုတ်လုပ်ရေးအတွက် စက်ပစ္စည်းများ၊ ကိရိယာများ၊ မျိုးဗီဇပစ္စည်းများ၊ တိရစ္ဆာန်အစာများ၊ အစာဖြည့်စွက်ပစ္စည်းများ၊ တိရစ္ဆာန်ဆေးကုသရေးဆိုင်ရာပစ္စည်းများ၊ အသားထုတ်လုပ်ရေးကိရိယာများ၊ အခြားနည်းပညာများနှင့် ဝန်ဆောင်မှုများ ပါဝင်ကြောင်း သိရသည်။

**Source:** https://myantrade.gov.mm/

## India Steel Expo 2025 သို့ မြန်မာနိုင်ငံမှ ပါဝင်ပြသနိုင်

အိန္ဒိယသမ္မတနိုင်ငံ၊ မွန်ဘိုင်းမြို့ရှိ ဘုံဘေကုန်စည်ပြပွဲစင်တာတွင် ၂၀၂၅ ခုနှစ်၊ ဧပြီလ ၂၄ ရက်နေ့မှ ၂၆ ရက်နေ့အထိ ကျင်းပပြုလုပ်မည့် (၆)ကြိမ်မြောက် သံမဏိလုပ်ငန်းကဏ္ဍဆိုင်ရာ နိုင်ငံတကာကုန်စည်ပြပွဲနှင့်ဆွေးနွေးပွဲများ – India Steel Expo 2025 ကို မြန်မာနိုင်ငံမှပါဝင်ပြသရန် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံရုံး၊ နယူးဒေလီမြို့မှ သိရသည်။

အိန္ဒိယသံမဏိကုန်စည်ပြပွဲ ၂၀၂၅ သည် သံမဏိပစ္စည်း ထုတ်လုပ်တင်ပို့ရောင်းချသူများအတွက် အတွေ့အကြုံနှင့် ဈေးကွက်အခွင့်အလမ်းများရရှိစေမည်ဖြစ်ပြီး ပြပွဲသို့တက်ရောက်မည့် နိုင်ငံတကာလုပ်ငန်းရှင်များအနေဖြင့် ဈေးကွက်ချဲ့ထွင်ခြင်း၊ နည်းပညာလွှဲပြောင်းပေးခြင်းနှင့် ရင်းနှီးမြှုပ်နှံမှုများအတွက် စီးပွားရေးလုပ်ငန်းရှင်အကြား တွေ့ဆုံဆွေးနွေးပွဲများ၊ စီးပွားရေးလုပ်ငန်းရှင်များနှင့်အိန္ဒိယအစိုးရ၏ သက်ဆိုင်ရာဌာနဆိုင်ရာများအကြား တွေ့ဆုံဆွေးနွေးခြင်း အစီအစဉ်များကိုလည်း ဆောင်ရွက်ပေးသွားမည်ဖြစ်ရာ ပြပွဲဆိုင်ရာအသေးစိတ်အချက်အလက်များကို www.indiasteelexpo.in တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါကြောင်း သိရသည်။

**Source:** https://myantrade.gov.mm/

# STOCK EXCHANGE (13.6.2024)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Stock trading data

## Stock trading data

As of 12th Jun. 2024

**Total Trading** (Continuous trading + Block trading)

| Trading Volume | Trading Value |
|---|---|
| 6,791 (Shares) | 18,899,800 (MMK) |

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 9,200 | +200 | +2.22% | 9,200 | 9,200 | 9,100 | 264 | 2,409,300 | 33,109,694 | 304,609 |
| MTSH | 00002 | 3,200 | +50 | +1.59% | 3,150 | 3,200 | 3,150 | 1,220 | 3,903,650 | 38,929,150 | 124,573 |
| MCB | 00003 | 8,400 | +0 | +0.00% | 8,400 | 8,400 | 8,400 | 95 | 798,000 | 10,400,986 | 87,368 |
| FPB | 00004 | 1,750 | +0 | +0.00% | 1,750 | 1,750 | 1,700 | 2,872 | 4,884,800 | 29,664,613 | 51,913 |
| TMH | 00005 | 2,850 | +0 | +0.00% | 2,800 | 2,850 | 2,800 | 170 | 481,400 | 12,823,224 | 36,546 |
| EFR | 00006 | 1,850 | +0 | +0.00% | 1,800 | 1,850 | 1,800 | 760 | 1,380,900 | 19,977,223 | 36,958 |
| AMATA | 00007 | 4,900 | +100 | +2.08% | 4,800 | 4,900 | 4,800 | 245 | 1,176,500 | 10,497,598 | 51,438 |
| MAEX | 00008 | 3,300 | -150 | -4.35% | 3,350 | 3,350 | 3,300 | 1,165 | 3,865,250 | 23,804,946 | 78,556 |

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Market summary


## Market summary

As of 12th Jun. 2024

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 409.27 | +3.20 | +0.79% | 407.79 | 409.27 | 404.90 | 6,791 | 18,899,800 | 8 | 771,961 |

**Index chart**




## Market Overview

## Grand Total Trading (Total trading (MB) + Total trading (PLB))

As of 1:00 pm, 12th Jun. 2024

| Trading Volume | Trading Value |
|---|---|
| 6,791 (Shares) | 18,899,800 (MMK) |

### Main Board

As of 1:00 pm, 12th Jun. 2024

**Total Trading (MB)** (Continuous trading + Block trading)

| Trading Volume | Trading Value |
|---|---|
| 6,791 (Shares) | 18,899,800 (MMK) |

| MYANPIX | 409.27 ▲ 3.20 |
|---|---|
| Total Volume (shares) | 6,791 |
| Total Value (MMK) | 19 mil |
| Listed Company | 8 |
| Market Cap. (MMK) | 771,961 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 9,200 | ▲ 200 |
| MTSH | 00002 | 3,200 | ▲ 50 |
| MCB | 00003 | 8,400 | ▲ 0 |
| FPB | 00004 | 1,750 | ▲ 0 |
| TMH | 00005 | 2,850 | ▲ 0 |
| EFR | 00006 | 1,850 | ▲ 0 |
| AMATA | 00007 | 4,900 | ▲ 100 |
| MAEX | 00008 | 3,300 | ▼ 150 |